# ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေး အက်ဥပဒေ။[၁]

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၃။]
(၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်[၂]တွင်၊ သို့တည်းမဟုတ် နေ့ရက်များတွင် စတင်အာဏာတည်ရမည်။ ထို့ပြင် ဤအက်ဥပဒေသည်၊ မည်သည့်ဒေသတွင် မည်သည့်နေ့ရက်၌ စတင်အာဏာတည်ရမည်ဟူ၍ လည်းကောင်း၊ ဤအက်ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်များသည် မည်သည့်နေ့ရက်များ၌ စတင်အာဏာတည်ရမည်ဟူ၍ လည်းကောင်း၊ နိုင်ငံတော်သမ္မတက ခွဲခြားသတ်မှတ်နိုင်သည်။

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "မသန်မစွမ်းဖြစ်လာသူ" ဆိုသည်မှာ၊ အသက် ၁၆ နှစ်ပြည့်ပြီးသူလည်းဖြစ်၍ ဒဏ်ရာ၊ ရောဂါ၊ သို့တည်းမဟုတ် ဝမ်းတွင်းပါအင်္ဂါချို့တဲ့မှုမရမရှိခဲ့ပါမူ မိမိ၏အသက်၊ လုပ်ရည် ကိုင်ရည် အရည်အချင်းနှင့် သင့်လျော်သော အခစား အလုပ်ကိုရရှိရန်၊ သို့တည်းမဟုတ် လုပ်ကိုင်ရန်၊ သို့တည်းမဟုတ် မိမိကိုယ်ပိုင် အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် စွမ်းရည် ရှိမည်ဖြစ်သော်လည်း ဒဏ်ရာ၊ ရောဂါ၊ သို့တည်းမဟုတ် ဝမ်းတွင်းပါအင်္ဂါချို့တဲ့မှု ရရှိသောကြောင့် အဆိုပါ အလုပ်ကိုရရှိရန်၊ သို့တည်းမဟုတ် လုပ်ကိုင်ရန်၊ သို့တည်းမဟုတ် လုပ်ကိုင်

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်။ စာမျက်နှာ - ၃။

၂။ ဤအက်ဥပဒေသည် ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်ခရိုင်၊ အင်းစိန်ခရိုင်နှင့် ဟံသာဝတီခရိုင်များတွင် စတင်အာဏာတည်သည်။ လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၄. ၁၀. ၅၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈၅။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်၊ စာမျက်နှာ - ၂၀၅၃။

ဆောင်ရွက်ရန် သူတစ်ပါးနှင့်စာလျှင် အတော်အတန်အခြေမလှ ဖြစ်ခြင်းနှင့် တွေ့ကြုံနေရသူလည်းဖြစ်သောသူကို ဆိုလိုသည်။ ထို့ပြင် တစ်ဦး တစ်ယောက်သောသူနှင့်စပ်လျဉ်း၍ "မသန်မစွမ်းဖြစ်လာခြင်း" ဆိုသည့်စကားရပ် ကိုအသုံးပြုလျှင် ထိုစကားရပ်၏ အဓိပ္ပာယ် ကို ဤအပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ကောက်ယူရမည်။

(ခ) "ရောဂါ" ဆိုသည့်စကားရပ်တွင်၊ အင်္ဂါချို့တဲ့မှုမှ ဖြစ်ပေါ်လာသည့်ကိုယ်၏ အခြေအနေ၊ သို့တည်းမဟုတ် စိတ်၏အခြေအနေပါဝင်သည်။

[(ဂ) "အဖွဲ့" ဆိုသည်မှာ ပုဒ်မ (၃)အရ ဖွဲ့စည်းသောမသန်မစွမ်းဖြစ်လာသူ များ လူစဉ်မီရေး နှင့် အလုပ်ရရှိရေးအဖွဲ့ကို ဆိုလိုသည်။][၃]

(ဃ) "လူစဉ်မီရေး" ဆိုသည်မှာ၊ လူမှုရေးတွင်ပါဝင်ဆောင်ရွက်နိုင်စေရန်အလို့ငှာ မသန်မစွမ်းဖြစ်လာခြင်းအတွက် ချို့တဲ့မှုများကို ဆီးတားကာကွယ်ခြင်းနှင့် မသန်မစွမ်း ဖြစ်လာသူများ၏ အကျိုးအတွက် လုပ်ငန်းဆောင်ရွက်မှုကို ဆိုလိုသည်။

(င) "ဆေးဝါးကုသခြင်းဖြင့်လူစဉ်မီရေး" ဆိုသည်မှာ၊သာမန်စက်မှုလက်မှု လုပ်ငန်းများတွင် လုပ်သားအဖြစ် အလုပ်ကို နေ့စဉ်ဝင်ရောက်လုပ်ကိုင်ရန်အတွက် ကိုယ်အင်္ဂါ ဓမ္မတာ အလျောက် ဆောင်ရွက်နိုင်သည့် လူတန်းစေ့ဖြစ်သော၊ သို့တည်းမဟုတ် ကြွင်းကျန်သည့် စွမ်းရည်ကို ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်ဖြင့် မသန်မစွမ်း ဖြစ်သောသူများအား ဆေးဝါး ကုသပေးခြင်းကို ဆိုလိုသည်။

(စ) "အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှု" ဆိုသည်မှာ၊ အခစားအလုပ်ကို ဖြစ်စေ၊ ကိုယ်ပိုင်အလုပ်ကိုဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိအောင် မသန်မစွမ်းဖြစ်လာသူ အား လေ့ကျင့်သင်ကြားပေးခြင်းကို ဆိုလိုသည်။

(ဆ) "မှတ်ပုံတင်စာရင်း" ဆိုသည်မှာ အဖွဲ့က ဖွင့်လှစ်ထားရှိသော စိတ်ချို့ယွင်းခြင်း ဖြစ်လာ သူများမှတစ်ပါး အခြားမသန်မစွမ်းဖြစ်လာသူများ စာရင်းကို ဆိုလိုသည်။

(ဇ) "အလုပ်ရှင်" ဆိုသည်မှာ ကုန်သွယ်လုပ်ငန်းတွင်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းတွင် ဖြစ်စေ၊ အဆိုပါလုပ်ငန်း၏တစ်စိတ်တစ်ဒေသ၊ သို့တည်းမဟုတ် လုပ်ငန်းခွဲတွင် ဖြစ်စေ၊ လုပ်သားဦးရေ နှစ်ဆယ်ကျော် ခိုင်းစေသူကို ဆိုလိုသည်။ ထိုစကားရပ် တွင် အစိုးရဌာန များနှင့် တည်ဆဲတရားဥပဒေအရ ဖွဲ့စည်းထားသည့် ဒေသန္တရအာဏာပိုင်များ၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်းများ၊ သို့တည်းမဟုတ် ကောင်စီများ ပါဝင်သည်။

၃။ ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေကို ပြင်သည့်ဥပဒေ (၂၇. ၁၁. ၆၂ နေ့ ရက်စွဲပါ ၁၉၆၂ ခုနှစ် ဥပဒေအမှတ် ၄၃) ဖြင့် အစားထိုးပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ခုနှစ် ဒီဇင်ဘာလ (၁၅)ရက်၊ စာမျက်နှာ - ၁၆၀၉)

(ဈ) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၊ သို့တည်း မဟုတ် စည်းကမ်းဥပဒေများဖြင့် သတ်မှတ်သည်ကို ဆိုလိုသည်။

## အခန်း ၂။

## <u>အဖွဲ့ ဖွဲ့စည်းပုံ</u>

၃။ [(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လူမှုဝန်ထမ်းဌာန တာဝန်ခံအပြင်၊ အစိုးရက ခန့်ထားသည့် ငါးဦးအောက်မနည်း၊ ဆယ်ဦးထက် မများသော အခြားပုဂ္ဂိုလ်များပါဝင်သည့် မသန်မစွမ်းဖြစ်လာသူများ လူစဉ် မီရေးနှင့် အလုပ်ရရှိရေးအဖွဲ့ဟု ခေါ်တွင်သောအဖွဲ့တစ်ခုကို ဖွဲ့စည်းရမည်။ လူမှုဝန်ထမ်း ဌာနတာဝန်ခံသည်၊ အဆိုပါ အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ရမည်။][၄]

(၂) အဖွဲ့သည်၊ လူစဉ်မီရေးဝါဒဆိုင်ရာ ကျယ်ပြန့်သည့်အချက်များနှင့်စပ်လျဉ်း၍ အစိုးရအားအကြံဉာဏ်ပေးရမည့် ဗဟိုအဖွဲ့ဖြစ်စေရမည်။

(၃) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ် တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည်။ အဖွဲ့၌ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ ပြောင်းနိုင်သည့်ပစ္စည်းများကို ရယူလက်ရှိထားနိုင်ခွင့်နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်ခွင့် ရှိရမည်။ အဖွဲ့သည်၊ မိမိ၏အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲ ဆိုခြင်းကိုလည်း ခံရမည်။

(၄) အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်များအား၊ နိုင်ငံတော်သမ္မတက သတ်မှတ် သည့် အခကြေးငွေနှင့် စရိတ်ကြေးငွေများ ပေးရမည်။

(၅) အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ၂ နှစ် ဖြစ်ရ မည်။

(၆) နိုင်ငံတော်သမ္မတသည်၊ အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်တစ်ဦးဦး၏ ရာထူး သက်တမ်းကို မည်သည့်အခါမဆို ရပ်စဲနိုင်သည်။

---

*၄။ ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေကို ပြင်သည့်ဥပဒေ (၂၇. ၁၁. ၆၂ နေ့ ရက်စွဲပါ ၁၉၆၂ ခုနှစ် ဥပဒေအမှတ် ၄၃) ဖြင့် အစားထိုးပြင်ဆင်သည်။*
*မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်၊ စာမျက်နှာ - ၁၆၀၉။)*

## အခန်း ၃။

## ဆေးဝါးကုသခြင်းဖြင့် လူစဉ်မီရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားမှုဆိုင်ရာ အခွင့်အရေးများ။

၄။ ။ (၁) အဖွဲ့သည်၊ စိတ်ချို့ယွင်းခြင်းဖြစ်လာသူများမှတစ်ပါး အခြားမသန်မစွမ်း ဖြစ်လာသူများအတွက် မိမိသင့်လျော်သည်ဟုထင်မြင်သည့် ဆေးဝါးကုသခြင်းဖြင့် လူစဉ်မီရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုဆိုင်ရာ အခွင့်အရေးများကို စီမံပေးနိုင်သည်၊ သို့တည်းမဟုတ် စီမံပေး ရန်အတွက် စီစဉ်ချက်များ ပြုလုပ်ပေးနိုင်သည်။

(၂) အဖွဲ့သည်၊ ပုဒ်မခွဲ (၁) ပါကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဌာန၊ သို့တည်းမဟုတ် အဖွဲ့အစည်းတစ်ခုခုကို တည်ထောင်နိုင်သည်။

(၃) နိုင်ငံတော်သမ္မတသည်၊ ကိုယ်အင်္ဂါချို့တဲ့သော ကလေးများနှင့် စိတ်ချို့ယွင်းခြင်း ဖြစ်လာသူများကို ဆေးဝါးကုသခြင်းဖြင့် လူစဉ်မီရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ပေးရေးကိစ္စ အလို့ငှာ ဌာန၊ သို့တည်းမဟုတ် အဖွဲ့အစည်းတစ်ခုခုကို တည်ထောင်နိုင်သည်။

## အခန်း ၄။

## မှတ်ပုံတင် မသန်မစွမ်းဖြစ်လာသူများ အခစားအလုပ်ရရှိရေး၊ကိုယ်ပိုင်အလုပ် လုပ်ကိုင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် စီမံချက်များ။

၅။ ။ (၁) အဖွဲ့သည်၊ စိတ်ချို့ယွင်းခြင်းဖြစ်လာသူများမှတစ်ပါး အခြားမသန်မစွမ်း ဖြစ်လာသူများ မှတ်ပုံတင်စာရင်းတစ်ခုကို ဖွင့်လှစ်ထားရှိရမည်။

(၂) အဖွဲ့သည်၊ မှတ်ပုံတင်စာရင်းကို မိမိဆုံးဖြတ်သည့် ပုံစံဖြင့် ထားရှိရမည့်ပြင်၊ ထိုမှတ်ပုံတင် စာရင်းတွင် မိမိဆုံးဖြတ်သည့် နည်းလမ်းအတိုင်း ရေးသွင်းချက်ထည့်သွင်းခြင်း၊ ရေးသွင်းချက်များ ပြောင်းလဲခြင်းနှင့် ထိုမှတ်ပုံတင်စာရင်းမှ ရေးသွင်းချက်များ နုတ်ပယ်ခြင်းတို့ကို ပြုလုပ်ရမည်။

(၃) မှတ်ပုံတင်စာရင်းတွင် အမည်ပါရှိနေသော သူတစ်ဦးကို၊ ဤအက်ဥပဒေတွင် "မသန်မစွမ်း ဖြစ်လာသောကြောင့် သူတစ်ပါးနှင့်စာလျှင် အခြေမလှဖြစ်ခြင်းနှင့် တွေ့ကြုံနေရသူအဖြစ် မှတ်ပုံတင် ထားခြင်းခံရသူ" ဟုရည်ညွှန်းသည်။

(၄) အဖွဲ့သည်၊ တစ်ဦးတစ်ယောက်သောသူ၏အမည် မှတ်ပုံတင်စာရင်းတွင် ပါရှိနေ သည့် အချက်ကို သက်သေထင်ရှားပြရန် နည်းလမ်းသတ်မှတ်သည့် ဤအက်ဥပဒေအရပြုသော နည်း ဥပဒေများနှင့် ကိုက်ညီသည့် စည်းကမ်းဥပဒေများပြုနိုင်သည်။ ဤအာဏာ၏ယေဘုယျ သဘောကို

မထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများတွင် အဆိုပါ ကိစ္စအလို့ငှာ သက်သေခံလက်မှတ်များ ထုတ်ပေးခြင်း၊ ထိုသက်သေခံလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ အသုံးပြုခြင်း၊ ပြန်လည်ပေးအပ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းဥပဒေများ ပါဝင်သည်။

၆။ ။ (၁) အဖွဲ့သည်၊ တစ်ဦးတစ်ယောက်သောသူ၏အမည်ကို မည်သည့်အချက်များတွင် မှတ်ပုံတင်ရမည်။ မည်သည့်အချက်များတွင် မှတ်ပုံမတင်ရဟူသော ကိစ္စများအတွက် စည်းကမ်းချက်များကို ဤအက်ဥပဒေအရပြုသော နည်းဥပဒေများနှင့် ကိုက်ညီသည့် စည်းကမ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည့်ပြင် ထိုမှတ်ပုံတင်စာရင်းတွင်အဆိုပါအမည်ကို ဆက်လက်ထားရှိခြင်းနှင့် စပ်လျဉ်း၍လည်း စည်းကမ်းချက်များကို စည်းကမ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

(၂) တစ်ဦးတစ်ယောက်သောသူသည်၊ မိမိ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းစေလိုလျှင် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ထိုကိစ္စအတွက် အဖွဲ့ထံလျှောက်လွှာတင်သွင်းရမည်။

(၃) လျှောက်ထားသူသည်၊ မသန်မစွမ်းဖြစ်လာသူဖြစ်ကြောင်း၊ ၎င်း၏မသန်မစွမ်းဖြစ်လာခြင်းသည် မှတ်ပုံတင်စာရင်းတွင် ၎င်း၏အမည်ထည့်သွင်းသည့်နေ့ရက်မှ ခြောက်လမျှ သို့တည်းမဟုတ် ခြောက်လကျော်မျှ ဆက်လက်တည်မြဲရန် လက္ခဏာရှိကြောင်း၊ ၎င်းနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင် အမည်များထည့်သွင်းခြင်းနှင့် စပ်လျဉ်းသော သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ခုခုနှင့် ညီညွတ်ကြောင်း၊ မည်သည့်အချက်များတွင် အမည်ကို မှတ်ပုံမတင်ရဟူသော ကိစ္စအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ခုခုသည် လျှောက်ထားသူကို မထိခိုက်ကြောင်း အဖွဲ့ကကျေနပ်လျှင်၊ ထိုသူ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းရမည်။

## အခန်း ၅။

### ဝေပုံကျ။

၇။ ။ အလုပ်ရှင်တိုင်းသည်၊ ပုဒ်မ ၁၂ နှင့်အညီ၊ သီးခြားသတ်မှတ်သည့် ၎င်း၏ဝေပုံကျဖြစ်သော အရေအတွက်အထိ၊ မသန်မစွမ်းဖြစ်လာခြင်းကြောင့် သူတစ်ပါးနှင့်စာလျှင် အခြေမလှဖြစ်ခြင်းနှင့်တွေ့ကြုံနေရသူအဖြစ် မှတ်ပုံတင်ခြင်းခံရသူအား၊ အခစားအလုပ်ပေးရမည်။ အလုပ်ရှင်သည်၊ ဆိုခဲ့သည့်အတိုင်း အလုပ်မပေးရသေးလျှင်၊ အလုပ်နေရာများ လစ်လပ်သည့်အခါ၊ ထိုလစ်လပ်သောနေရာများတွင် ထိုသူများကိုနေရာချထားပေးရမည်။

၈။ ။ (၁) ပုဒ်မခွဲ (၂)တွင် ပြဋ္ဌာန်းထားသည်မှတစ်ပါး၊ ပုဒ်မ ၇ နှင့်သက်ဆိုင်သော အလုပ်ရှင်သည်၊ မသန်မစွမ်းဖြစ်လာခြင်းကြောင့် သူတစ်ပါးနှင့်စာလျှင်၊ အခြေမလှဖြစ်ခြင်းနှင့်တွေကြုံနေရသူအဖြစ် မှတ်ပုံတင်ခြင်းခံရသူမဟုတ်သည့် အခြားသူတစ်ဦးဦးကို အလုပ်ပေးသည်နှင့်

တစ်ပြိုင်နက်၊ ပုဒ်မ ၇ နှင့်သက်ဆိုင်သော အလုပ်ရှင်၏ အလုပ်အကိုင်တွင် ဆိုခဲ့သည့်အတိုင်း မှတ်ပုံတင်ခြင်းခံရသူအရေအတွက်သည် ထိုအလုပ်ရှင်၏ ဝေပုံကျဖြစ်သော အရေအတွက်အောက် လျော့သွားမည်ဖြစ်လျှင်၊ မည်သည့်အခါမျှ မိမိ၏အလုပ်အကိုင်တွင်၊ ထိုအခြားသူကို အလုပ်မပေးရှ သို့တည်းမဟုတ် အလုပ်ပေးရန်စကားကမ်းလှမ်း ခြင်းမပြုရ။

(၂) အလုပ်ရှင်က၊ သူတစ်ဦးအား၊ ပုဒ်မခွဲ (၁) အရမဟုတ်ဘဲ —

(က) ဤအက်ဥပဒေကို အတည်မပြုမီဖြစ်စေ၊ အတည်ပြုပြီးနောက်ဖြစ်စေ၊ အတည်ပြု ထားသည့် အက်ဥပဒေတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊

(ခ) ဤအက်ဥပဒေ စတင်အာဏာမတည်မီက ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်အရ၊ လုပ်သားကို အလုပ်ရှင်၏အလုပ်အကိုင်တွင် ပြန်လည်အလုပ်ပေးရန်သဘောတူညီ ချက်ရှိခြင်းကြောင့် သော်လည်းကောင်း၊

(ဂ) ပုဒ်မ ၁၃ အရနိုင်ငံတော် သမ္မတကထုတ်ပေးသည့် ခွင့်ပြုလက်မှတ်ကြောင့်သော် လည်းကောင်း

အလုပ်ပေးရမည်ဖြစ်သဖြင့် အလုပ်ပေးရလျှင်၊ အလုပ်ရှင်က မည်သည့်အခါမဆို၊ သူတစ်ဦးအား ထိုသို့အလုပ်ပေးခြင်း၊ သို့တည်းမဟုတ် အလုပ်ပေးရန် စကားကမ်းလှမ်းခြင်းသည် ထိုပုဒ်မခွဲ (၁) နှင့် မသက်ဆိုင်စေရ။

၉။ ။ ပုဒ်မ ၇ တွင် အကျုံးဝင်သည့် အလုပ်ရှင်တစ်ဦးသည်၊ မိမိ၏အလုပ်အကိုင်တွင်၊ မသန်မစွမ်းဖြစ်လာခြင်းကြောင့် သူတစ်ပါးနှင့်စာလျှင် အခြေမလှဖြစ်ခြင်းနှင့် တွေ့ကြုံနေရသူအဖြစ် မှတ်ပုံတင်ခြင်းခံရသူတစ်ဦးဦးကို အလုပ်ပေးထားလျှင်၊ ထိုသူအလုပ် လုပ်ကိုင်ခြင်းကို ရပ်စဲပါက၊ ထိုသို့ရပ်စဲသည်နှင့် တစ်ပြိုင်နက်၊ ထိုအလုပ်ရှင်၏ အလုပ်အကိုင်တွင်၊ ဆိုခဲ့သည့်အတိုင်း မှတ်ပုံတင်ခြင်း ခံရသူများ၏အရေအတွက်သည် ထိုအလုပ်ရှင်၏ ဝေပုံကျဖြစ်သော အရေအတွက် အောက်လျော့သွားမည် ဖြစ်ခဲ့သော်၊ ထိုသူအလုပ် လုပ်ကိုင်ခြင်းကို မရပ်စဲစေရ။

ခြွင်းချက်။ ။ သို့ရာတွင် ထိုသို့အလုပ် လုပ်ကိုင်ခြင်းကို ရပ်စဲပြီးသည်နှင့်တစ်ပြိုင်နက်၊ ထိုအလုပ်ရှင်သည်၊ ပုဒ်မ ၇ တွင် အကျုံးဝင်သောသူမဟုတ်တော့လျှင်၊ ဤပုဒ်မသည် အကျိုးသက်ရောက် ခြင်း မရှိစေရ။

၁၀။ ။ ပုဒ်မ ၇ ကို၊ သို့တည်းမဟုတ် ပုဒ်မ ၈ ၏ပုဒ်မခွဲ (၁)ကို၊ သို့တည်းမဟုတ် ပုဒ်မ ၉ ကိုဆန့်ကျင်သောအလုပ်ရှင်သည်၊ ရာဇဝတ်တရားသူကြီးတစ်ဦးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်း ခံရမည်။

၁၁။ ။ ပုဒ်မ ၉ ကိုဆန့်ကျင်သည့်အတွက် —

(က) အဖွဲ့သို့ ထိုကိစ္စကို မရည်ညွှန်းရသေးလျှင် ၊

(ခ) အဖွဲ့က ထိုကိစ္စကို မစဉ်းစားမီ၊ ထိုအလုပ်ရှင်ထံပေးပို့၊ သို့တည်းမဟုတ် ပေးအပ်သော နို့တစ်စာဖြင့်၊ ထိုသို့နို့တစ်စာပေးပို့၊ သို့တည်းမဟုတ် ပေးအပ်သည့်နေ့ရက်မှ အနည်းဆုံး ၁၄ ရက်အတွင်း၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အလုပ်ရှင်အား၊ မိမိအလိုရှိသည့်အတိုင်း ချေပပြောဆိုခွင့် မပြုရသေးလျှင်၊ ထို့ပြင်

(ဂ) အဖွဲ့က၊ နိုင်ငံတော်သမ္မတထံ အစီရင်မခံရသေးလျှင်

မည်သည့်အလုပ်ရှင်ကိုမျှ ရာဇဝတ်မှုမစွဲဆိုရ။

ထိုရာဇဝတ်မှုတွင် ဤပုဒ်မ အရ ထိုကိစ္စကိုအဖွဲ့သို့ ရည်ညွှန်းပြီး ဖြစ်ကြောင်း နို့တစ်စာကိုပေးပို့ သို့တည်းမဟုတ် ပေးအပ်ပြီးဖြစ်ကြောင်းနှင့် ဤပုဒ်မတွင်ပြဋ္ဌာန်းထားသည့်အတိုင်း အဖွဲ့ကအစီရင်ခံပြီး ဖြစ်ကြောင်းဖော်ပြပါရှိသည့် အဖွဲ့၏ဥက္ကဋ္ဌက လက်မှတ်ရေးထိုးထားသော၊ သို့တည်းမဟုတ် ဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးထားသော သက်သေခံလက်မှတ်သည်၊ ၎င်းတွင်ပါရှိသောအကြောင်းများ မမှန်ကန်ဟု သက်သေထင်ရှား မပြသမျှကာလပတ်လုံး၊ ထိုအကြောင်းများနှင့်စပ်လျဉ်း၍ ခိုင်လုံသည့် သက်သေခံချက် ဖြစ်စေရမည်။

၁၂။ ။ မည်သည့်အချိန်တွင်မဆိုရှိရမည့် ပုဒ်မ ၇ တွင် အကျုံးဝင်သည့် အလုပ်ရှင်၏ ဝေပုံကျဖြစ်သော အရေအတွက်သည် နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ သီးခြား သတ်မှတ်သည့် အရေအတွက်ဖြစ်ရမည်။

၁၃။ ။ (၁) ပုဒ်မ ၇ တွင် အကျုံးဝင်သည့် အလုပ်ရှင်က နိုင်ငံတော်သမ္မတ၏ ခွင့်ပြုလက်မှတ် ရရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း လျှောက်လွှာတင်သွင်းသည့်အခါ၊ နိုင်ငံတော်သမ္မတသည် လျှောက်ထားသူက မိမိအလုပ်အကိုင်တွင် သူတစ်ဦးအားပေးလိုသည့်အလုပ်အမျိုးအစားကိုလည်းကောင်း၊ ထိုအလုပ်အတွက်ရရှိနိုင်မည့် မသန်မစွမ်းဖြစ်လာခြင်းကြောင့် သူတစ်ပါးနှင့်စာလျှင် အခြေမလှဖြစ်ခြင်း နှင့် တွေ့ကြုံနေရသူအဖြစ် မှတ်ပုံတင်ခြင်းခံရသူတစ်ဦးဦး၏ အရည်အချင်းများကိုလည်းကောင်း၊ အလုပ်အကိုင်သည်၊ ထိုမသန်မစွမ်းဖြစ်လာသူနှင့်သင့်လျော်သည်၊ မသင့်လျော်သည်ကိုလည်းကောင်း၊ ထောက်ထား ၍ ပုဒ်မ ၈၊ ပုဒ်မ ခွဲ (၂)၊ အပိုဒ် (ဂ) ပါကိစ္စများအတွက် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် သင့်လျော်သည်ဟု ထင်မြင်ပါက၊ သို့တည်းမဟုတ် ထိုအလုပ်အကိုင်အတွက် မသန်မစွမ်းဖြစ်လာခြင်း ကြောင့် သူတစ်ပါးနှင့်စာလျှင် အခြေမလှ ဖြစ်ခြင်းနှင့် တွေ့ကြုံနေရသူအဖြစ်၊ မှတ်ပုံတင်ခြင်းခံရသူကို မရနိုင်ဟုသော်လည်းကောင်း၊ ရနိုင်သည့်အရေအတွက် မလုံလောက်ဟုသော်လည်းကောင်း၊ ကျေနပ်ပါက၊

ခွင့်ပြု လက်မှတ်ကို ထုတ်ပေးနိုင်သည်။

(၂) ခွင့်ပြုလက်မှတ်ကို စည်းကမ်းချက်များ မထားရှိဘဲဖြစ်စေ၊ ခွင့်ပြုလက်မှတ်နှင့်သက်ဆိုင်သည့်သူကို အလုပ်ပေးခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များထားရှိ၍ဖြစ်စေ၊ ထုတ်ပေးနိုင်သည်။ ထို့ပြင် ထိုခွင့်ပြုလက်မှတ်တွင် သီးခြားဖေါ်ပြထားသည့်၊ သို့တည်းမဟုတ် အကြောင်းအရာဖေါ်ပြထားသည့် သူတစ်ဦးအား၊ သို့တည်းမဟုတ် သူအများအား အလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သီးခြားဖေါ်ပြထားသည့်အရေအတွက် ရှိသောသူများအား အလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုလက်မှတ်ကို ထုတ်ပေးနိုင်သည်။

၁၄။ ။ (၁) ပုဒ်မ ၇ တွင် အကျုံးဝင်သည့် အလုပ်ရှင်အသီးသီးသည် မိမိကအလုပ်ပေးထားသော လုပ်သားများ၏အရေအတွက်နှင့် မိမိကအလုပ်ပေးထားသော မသန်မစွမ်းဖြစ်လာခြင်းကြောင့် သူတစ်ပါးနှင့်စာလျှင် အခြေမလှဖြစ်ခြင်းနှင့်တွေ့ကြုံနေရသူအဖြစ် မှတ်ပုံတင်ခြင်းခံရသူများ၏ အရေအတွက်နှင့် အမည် စသည့်အချက်များကို မှတ်တမ်းတင်ထားရမည့်ပြင် အလုပ်ရှင်က ပုဒ်မ ၈ နှင့် ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြောင်းဖေါ်ပြရန်အတွက် သက်ဆိုင်ရာအခြားကိစ္စများ နှင့် စပ်လျဉ်းသည့်အချက်များကိုလည်း မှတ်တမ်းတင်ထားရမည်။ ထိုအချက်များသည် သတ်မှတ်ထားသည့် အကြောင်းအရာများဖြစ်ရမည့်ပြင်၊ သတ်မှတ်ထားသည့် ပုံစံဖြင့် မှတ်တမ်းတင်ထားသော အကြောင်းအရာများလည်း ဖြစ်ရမည်။

(၂) အလုပ်ရှင်တစ်ဦးသည်၊ မိမိ၏လုပ်သားများနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (၁) ၌ ဖေါ်ပြထားသော အချက်များ မှတ်တမ်းတင်ထားလျှင် ထိုမှတ်တမ်းများကို သတ်မှတ်ထားသည့်ကာလအပိုင်းအခြားမျှ သိမ်းဆည်းထားရမည်။ ထိုမှတ်တမ်းများကိုစစ်ဆေးကြည့်ရှုရန် အလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသည့်ပုဂ္ဂိုလ်က မှတ်တမ်းများစစ်ဆေးကြည့်ရှုရန်တောင်းဆိုလျှင် အလုပ်ရှင်သည် မှတ်တမ်းများကို တင်ပြရမည်။

(၃) မည်သည့်အလုပ်ရှင် မဆို ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင်ဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးက ပြစ်မှုထင်ရှားစီရင်သောအခါ ကျပ်တစ်ရာထိ ငွေဒဏ် စီရင်ခြင်းခံရမည်။ ထို့ပြင် ဤပုဒ်မခွဲအရ မှတ်တမ်းများတင်ပြရန်ပျက်ကွက် သည့်အတွက် ပြစ်ဒဏ်စီရင်ခြင်းခံရသည့်အလုပ်ရှင်သည်၊ ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက်၊ မှတ်တမ်းများ တင်ပြရန် ဆက်လက်ပျက်ကွက်လျှင် ထိုသို့ပျက်ကွက်ခြင်းသည် လိုအပ်သောမှတ်တမ်းများကို ပြုလုပ်မထားခြင်းကြောင့်၊ သို့တည်းမဟုတ် သိမ်းဆည်းမထားခြင်းကြောင့် ဖြစ်သည်ဟု သက်သေထင်ရှားမပြပါက ထိုအလုပ်ရှင်ကို ဆက်လက်ပျက်ကွက်သည့် နေ့ရက်များအတွက် တစ်ရက်လျှင် ကျပ်နှစ်ဆယ်ထိငွေဒဏ်စီရင်ရမည်။

(၄) မည်သည့်အလုပ်ရှင်မဆို ပုဒ်မခွဲ (၁) ၌ဖေါ်ပြထားသည့် အချက်များပါရှိ

သောမှတ်တမ်းတွင် အရေးကြီးသည့်အပိုင်းနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဟု မိမိသိရှိသောအချက်များကို ထည့်သွင်းလျှင်၊ သို့တည်းမဟုတ် ထည့်သွင်းစေလျှင်၊ သို့တည်းမဟုတ် သိလျက်နှင့် ထည့်သွင်းခွင့်ပြုလျှင်ဖြစ်စေ၊ ဤအက်ဥပဒေနှင့်ဆက်သွယ်သော ကိစ္စများအတွက် အရေးကြီးသည့်အပိုင်းနှင့်စပ်လျဉ်း၍ မဟုတ်မမှန် ဟု သိရှိသောမှတ်တမ်းကိုတင်ပြလျှင်၊ သို့တည်းမဟုတ် တင်ပြစေလျှင် သို့တည်းမဟုတ် သိလျက်နှင့် တင်ပြခွင့်ပြုလျှင်ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးတစ်ဦးက ပြစ်မှုထင်ရှားစီရင်သောအခါ သုံးလထိ ထောင်ဒဏ်သော်လည်းကောင်း၊ ကျပ်တစ်ရာထိငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးသော်လည်းကောင်း၊ စီရင်ခြင်း ခံရမည်။

## အခန်း ၆။

## စီမံအုပ်ချုပ်မှု။

၁၅။ ။ အဖွဲ့သည်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားလိုသူနှင့် ဆေးဝါးကုသခြင်းဖြင့် လူစဉ်မီအောင်လုပ်ပေးရမည့်သူအားလုံးအတွက် အဆိုပါပညာသင်ကြားမှုများနှင့် ဆေးဝါးကုသခြင်းဖြင့် လူစဉ်မီအောင် လုပ်ပေးမှုများကို အခါအားလျော်စွာ စီမံထားရှိခြင်းမပြုနိုင်ဟု မည်သည့်အခါမဆို မိမိကထင်မြင်လျှင်၊ အဆိုပါပညာသင်ကြားလိုသူများနှင့် ဆေးဝါးကုသခြင်းဖြင့် လူစဉ်မီအောင်လုပ်ပေးရမည့်သူများကို မိမိသဘောအတိုင်း ရွေးချယ်ရမည်။ ထိုသို့ရွေးချယ်ရာ၌ အောက်ပါအမျိုးအစားတွင် ပါဝင်သော သူများအား ဦးစားပေး၍ရွေးချယ်ရမည်။

(က) ဒုတိယကမ္ဘာစစ်မဖြစ်မီနှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံစစ်တပ်တွင် အချိန်ပြည့် စစ်မှုထမ်းရွက်ခဲ့သူများ၊

(ခ) ဒုတိယကမ္ဘာစစ်အတွင်း ဘီ၊ အိုင်၊ အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင်၊ သို့တည်းမဟုတ် ဘီ၊ ဒီ၊ အေ ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်တွင်၊ သို့တည်းမဟုတ် ဘီ၊ အင် (န်)၊ အေ၊ ခေါ် ဗမာ့အမျိုးသားတပ်မတော်တွင်၊ သို့တည်းမဟုတ် ပီ၊ ဘီ၊ အက် (ဖ်)၊ ခေါ် မျိုးချစ်ဗမာ့တပ်မတော်တွင် အချိန်ပြည့်စစ်မှုထမ်းရွက်ခဲ့သူများ၊ ထို့ပြင်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရေတပ်၊ ကုန်းတပ်၊ သို့တည်းမဟုတ် လေတပ်တွင် အချိန်ပြည့်စစ်မှုထမ်းရွက်ခဲ့သူများ။

၁၆။ ။ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်၊ ရာထမ်းမှုထမ်းများ ခန့်ထားနိုင်သည်။ ထို့ပြင်နိုင်ငံတော်သမ္မတသည်၊ ဤပုဒ်မအရ ရာထမ်းမှုထမ်းများ ခန့်ထားမည့်အစား၊ သို့တည်းမဟုတ် ရာထမ်းမှုထမ်းများခန့်ထားသည့်ပြင်၊ အစိုးရဌာနတစ်ခုခု၏

ရာထမ်းမှုထမ်းများက ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်၊ ထိုအစိုးရဌာနနှင့်စီစဉ်နိုင်သည်။

၁၇။ ။ ဤအက်ဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်သူသည်၊ ကုမ္ပဏီ၊ သို့တည်းမဟုတ် အစုစပ်လုပ်ငန်း၊ သို့တည်းမဟုတ် အခြားတရားဝင်အဖွဲ့ဖြစ်လျှင် ထိုပြစ်မှုကိုကျူးလွန်သည့်အချိန်တွင်၊ အဆိုပါကုမ္ပဏီ၏၊ သို့တည်းမဟုတ် အစုစပ်လုပ်ငန်း၏၊ သို့တည်းမဟုတ် အခြားတရားဝင်အဖွဲ့၏ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ အစုစပ်လုပ်ကိုင်သူ အခြားအရာရှိ သို့တည်းမဟုတ် ကိုယ်စားလှယ်ဖြစ်သူ အသီးသီးသည်၊ သို့တည်းမဟုတ် ထိုသို့သောသူအဖြစ်ဖြင့် ဆောင်ရွက်သည်ဟု မှတ်ယူခြင်းခံရသူ အသီးသီးသည်၊ မိမိ၏သဘောတူညီချက်မရဘဲသော်လည်းကောင်း၊ မိမိလျစ်လျူရှုခြင်းကြောင့် မဟုတ်ဘဲသော်လည်းကောင်း ထိုပြစ်မှု ကိုကျူးလွန်ကြောင်းအပြင်၊ အကြောင်းခြင်းရာများနှင့်ထိုသို့သော သူများ အဖြစ်ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများကို ထောက်ထား၍ ထိုပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် မိမိစိုက်ထုတ်သင့်သည့်လုံ့လဝီရိယကိုစိုက်ထုတ်ခဲ့ကြောင်း သက်သေထင်ရှားမပြနိုင်လျှင် ထိုပြစ်မှုကိုကျူးလွန်သည်ဟုမှတ်ယူရမည်။

၁၈။ ။ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန် အလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤအက်ဥပဒေနှင့်ကိုက်ညီသော နည်းဥပဒေများပြုနိုင်သည်။ ထိုနည်းဥပဒေများမှာ တရားဥပဒေကဲ့သို့ အာဏာရှိစေရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်။
(၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။)

အမိန့်အရ

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။